# အီလက်ထရောနစ်နည်းပညာဖြင့် ကျန်းမာရေးဆိုင်ရာ မှတ်တမ်း **(Electronic Medical Record) (EMR)** ကို Western Health က ပိုမိုကောင်းမွန်စေပါသည်။

Western Health

**EMR ဆိုသည်မှာ လူနာ၏ ပုံနှိပ်ထားသော ကျန်းမာရေး မှတ်တမ်းအစား အသုံးပြုသည့် အီလက်ထရောနစ် မှတ်တမ်းဖြစ်သည်။**

EMR အချက်အလက်များသည် အချိန်နှင့် တပြေးညီဖြစ်ပြီး ဖတ်ရလွယ်ကာ သင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က လွယ်ကူစွာ အသုံးပြုနိုင်သဖြင့် အချိန်မီ ရောဂါဖော်ထုတ်ကာ ကုသမှုပေးနိုင်စေပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု ပညာရှင်များစွာတို့က လူနာ၏ မှတ်တမ်းကို တချိန်တည်း တပြိုင်တည်း ဝင်ကြည့်နိုင်သဖြင့် ဟန်ချက်ညီညီ စောင့်ရှောက်မှုကို ပိုမို ပြုလုပ်စေနိုင်ပါသည်။

EMR အချက်ပေးစနစ်များနှင့် သတိပေးစနစ်များ   တစ်ပါတည်း ထည့်သွင်းပြုလုပ်ထားသဖြင့် သင့်ကို စောင့်ရှောက်မှု ပေးနေသည့် ဝန်ထမ်းများအား မှန်ကန်သော အချက်အလက်များကို အချိန်မီ ရရှိစေပါသည်။

**Go-Live အစီစဉ် ပြုလုပ်နေချိန်တွင် သင့် ကျမ်းမာရေးဆိုင်ရာ အချက်အလက်များကို ကျွန်ုပ်တို့၏ ဝန်ထမ်းများက ကွန်ပြူတာများထဲ ထည့်သွင်းရာတွင် ယခင်ကထက် အချိန်အနည်းငယ် ပိုပြီး ကြာနိုင်ပါသည်။**

ယခုလို နည်းလမ်းအသစ်များဖြင့် အလုပ်လုပ်ချိန်တွင် အပိုဆောင်း ဝန်ထမ်းများက ကျွန်ုပ်တို့ကို ကူညီပံ့ပိုးနေပါသည်။ သူတို့မှာ အပြာရောင် တီရှပ် သို့မဟုတ် အပြာရောင် ရင်ထိုးတံဆိပ် ပါရှိပါလိမ့်မည်။




**Digital Health**
CONNECTING BEST CARE

## မည်သူတွေက ကျွန်ုပ်၏ Western Health EMR ကို ဝင်ကြည့်နိုင်သနည်း။

သင့်စောင့်ရှောက်မှုနှင့်ဆိုင်သည့် ဝန်ထမ်းများသာလျှင် သင့် မှတ်တမ်းကို ဝင်ကြည့်နိုင်သဖြင့် သင်နှင့်ဆိုင်သော အချက်အလက်များသည် လုံခြုံပြီး စိတ်ချရပါသည်။

ဆေးရုံဆင်းချိန်တွင် သင့်စောင့်ရှောက်မှုဆိုင်ရာ အချက်အလက် အကျဉ်းချုပ်ကို သင်ကုသနေကျဆရာဝန်ထံ ပေးပို့သည်ဖြစ်ရာ သင့်အား ဆက်လက် စောင့်ရှောက်မှု ပေးနိုင်စေပါသည်။

## EMR အချက်အလက်များ လုံခြုံသိုသိပ်မှုရှိစေရန် မည်သို့ လုပ်ဆောင်ထားသနည်း။

Western Health သည် မိမိစုဆောင်း အသုံးပြုသည့် (ကျန်းမာရေးနှင့် အလွန်သတိထားရသည့် အခြားအချက်အလက်များ အပါအဝင်) ကိုယ်ရေးကိုယ်တာဆိုင်ရာ အချက်အလက်များ၏ သီးသန့်တည်ရှိမှုနှင့် လုံခြုံသိုသိပ်မှုကို ကာကွယ်ထိန်းသိမ်းခြင်းအား သံန္နိဋ္ဌာန်ချ ဆောင်ရွက်နေပါသည်။

ကျွန်ုပ်တို့၏ သတင်းအချက်အလက်များ သီးသန့်တည်ရှိမှုဆိုင်ရာ မူဝါဒတွင် သင့်ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့ မည်သို့ ကိုင်တွယ်ကြောင်း၊ သင့် ဝင်ရောက်အသုံးပြုခြင်းဆိုင်ရာ ရပိုင်ခွင့်များနှင့် ကျွန်ုပ်တို့ကို မည်သို့ ဆက်သွယ်နိုင်ကြောင်း အသေးစိတ် ပိုမိုပါရှိပါသည်။

## ယင်းသည် My Health Record နှင့် တူသလား။

မတူပါ ။ My Health Record ကို ဩစတြေးလျားအစိုးရက ကိုင်တွယ်ထိန်းသိမ်းပါသည်။

အကယ်၍သင် စာရင်းသွင်းထားပါက Western Health EMR သည် သင် ဆေးရုံဆင်းချိန်တွင် သင့် ဆေးရုံတက်မှတ်တမ်းကို My Health Record သို့ ပို့ပေးမည်ဖြစ်ပါသည်။ စာရင်းသွင်းရန်အတွက် digitalhealth.gov.au တွင်ကြည့်ပါ။




ဤစာစောင်အကြောင်း ပိုမိုသိလိုပါက သို့မဟုတ် မိမိသိလိုသော ဘာသာစကားဖြင့် ရလိုပါက သင့်အား စောင့်ရှောက်နေသည့် ဝန်ထမ်းတစ်ဦးဦးကို ပြောပြပါ။